# [ ၁၇ ]

လူငယ်စစ်သားကလေး၏ မျက်စိထဲတွင် ရန်သူများချီတက်လာနေပုံသည် အသနားအညှာတာ ကင်းမဲ့သော မုဆိုးတစ်ယောက် အမဲလိုက်နေပုံနှင့် တူလျက်ရှိသည်။ သူသည် ရန်သူများအား ကြည့်ရင်းကြည့်ရင်းနှင့် စိတ်တိုလာသည်။ သူ့ရှူးဖိနပ်ဖြင့် မြေကြီးကိုတစ်ချက် ပေါက်လိုက်ပြီး တလိပ်လိပ် တက်နေသော မီးခိုးလုံးကြီးများအား ရွံရှာမုန်းတီးသော မျက်နှာထားဖြင့် ကြည့်နေသည်။ ရန်သူများလုပ်နေပုံသည် စက်ဆုပ်ဖွယ်ကောင်းလှ၏။ မိမိတို့အား နားနားနေနေ နေဖို့အချိန်မပေး။ ခဏတစ်ဖြုတ်ထိုင်ပြီး တွေးတောဖို့ပင် အချိန်မရ။ မနေ့ကဆိုလျှင် သူ တိုက်ပွဲနှင့် ရင်ဆိုင်ခဲ့ရ၏။ တိုက်ပွဲအတွင်းမှ လျှင်မြန်စွာပင် ခြေကုန်သုတ်၍ ထွက်ပြေးခဲ့၏။ တစ်လမ်းလုံး အတွေ့အကြုံ အများအပြားရခဲ့၏။

ယနေ့ဆိုလျှင် သူသည် ခဏတစ်ဖြုတ်နားကာ စိတ်ထဲရှိသလောက် တွေးတောဖို့ အချိန်ရခဲ့၏။ သူ့အရပ်ဒေသမှ မိခင်နှင့် မိတ်ဆွေများအား စစ်ပွဲအတွေ့အကြုံများ ရှင်းပြနေပုံကိုပင် စိတ်ကူးယဉ်ခွင့်ရခဲ့၏။ အခုကျတော့လည်း သူ့တွင် အားအင်ကုန်ခန်းကာ ပင်ပန်းနွမ်းဟိုက်နေပြန်ပြီ။ သူ့အနေဖြင့် ခဏတစ်ဖြုတ်ပဲဖြစ်ဖြစ် နားလိုက်ချင်၏။

သို့သော်လည်း အခြားတစ်ဖက်မှ လူများကတော့ ပင်ပန်းနွမ်းနယ်ကြ

ပုံမပေါ်။ သူတို့သည် အခုအချိန်ထိ တိုက်ပွဲဝင်နေဆဲ။ သူသည် ရန်သူများအပေါ် မုန်းတီးစိတ် ပို၍ပြင်းထန်လာသည်။ သူ့ကိုယ်သူ ကောင်ပေါက်စလေးများ၏ လိုက်လံဖမ်းဆီးခြင်းခံနေရသည့် ကြောင်ပေါက်စလေးတစ်ကောင်၏ ဘဝမျိုးတော့ အရောက်မခံနိုင်။

သူသည် သူ့ဘေးမှ ရဲဘော်၏ အနားသို့ကပ်၍ "အခုလိုသာ သူတို့က ဆက်လိုက်နေရင် ကျွန်တော်တို့ကလည်း သတိထားမှဖြစ်တော့မယ်။ ပြင်းပြင်းထန်ထန်ကို ပြန်တိုက်မှ ကိစ္စကပြတ်မှာ၊ အခုလို အလိုက်ခံနေရတာမျိုးကို ကျွန်တော် သည်းမခံနိုင်တော့ဘူးဗျ" ဟု ပြောလိုက်မိ၏။

သူ့ရဲဘော်ကတော့ သူ့အား တစ်ချက်မျှငဲ့ကြည့်ပြီး "သူတို့က ငါတို့နောက်ကလိုက်ပြီး အခုလိုသာတိုက်နေရင် ငါတို့အားလုံး မြစ်ထဲဆင်းရတော့မှာကတော့ သေချာနေပြီပေါ့ကွာ" ဟု ပြန်ပြောသည်။

ဤစကားကြားရသည့်အခါ လူငယ်စစ်သားကလေးသည် ပို၍ဒေါသကြီးလာသည်။ သူသည် သစ်ပင်တစ်ပင်၏ ပင်စည်နောက်တွင်ဝပ်ကာ အံများကိုကြိတ်၍ ရန်သူများဆီသို့ အလွန်စက်ဆုပ်သော မျက်နှာထားဖြင့် ကြည့်နေသည်။ သူ့ခေါင်းမှ ပတ်တီးသည် လျော့တီးလျော့ရဲ။ ပတ်တီးစတစ်နေရာတွင် ခြောက်နေသော သွေးကွက်တစ်ကွက်။ ဆံပင်များသည် ဖိုးရိုးဖားရားဖြစ်ကာ နဖူးထက်သို့ အုပ်နေသည်။ ထိပ်ဆုံးမှ ကြယ်သီးများပြုတ်နေသဖြင့် ကြေးနီရောင်ပေါက်နေသော လည်ပင်းကို မြင်နေရသည်။ အသက်ရှုလိုက်တိုင်း လည်ပင်းသည် တလှုပ်လှုပ်။

သူ့လက်ချောင်းများသည် သူ့ရိုင်ဖယ်သေနတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ သူ့လက်ထဲမှသေနတ်သည် ရန်သူအားလုံးကို ပြုတ်ပြုတ်ပြုန်းသည်အထိ ချေမှုန်းပစ်နိုင်လောက်အောင် တန်ခိုးရှိသည့် လက်နက်ကြီးဖြစ်လာလျှင် မည်မျှကောင်းပါမည်နည်းဟု တောင့်တမိသည်။ ရန်သူများလုပ်နေပုံသည် သူနှင့် သူ့ရဲဘော်များအား စိတ်ဆိုးအောင်၊ ဒေါသကြီးအောင် တမင်သက်သက် ရန်စနေသည်နှင့် တူလှချေသည်။

တိုက်ပွဲသည် တဖြည်းဖြည်းနှင့် ပြင်းထန်လာသည်။ ပထမတော့ ရိုင်ဖယ်သေနတ်သံများသည် တစ်ချက်ချင်း၊ နှစ်ချက်ချင်း။ နောက်တော့

စုပြုံပြီး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပစ်လိုက်ကြသည့် အသံများ။ ယမ်းငွေ့များသည် တထောင်းထောင်းထလာသည်။ ထို့နောက် ဖြည်းဖြည်းချင်း ပျက်ပြယ်သွားသည်။

လူငယ်စစ်သားကလေးအဖို့တော့ သူ၏ ရိုင်ဖယ်သေနတ်သည် သူ့ဘဝအတွက် အလွန်အရေးပါ အရာရောက်သည့် ပစ္စည်းတစ်ခုဖြစ်လာသည်။ သူ့အသိစိတ်တွင်လည်း ရန်သူများအား မုန်းတီးရွံရှာခြင်း၊ တစ်စစီ ဖြစ်သွားအောင် ချေမှုန်းပစ်လိုခြင်းနှင့် ရန်သူများ၏ မျက်နှာပေါ်မှ အောင်ပွဲရအပြုံးရိပ်များ ပျောက်ကွယ်သွားအောင် လုပ်လိုခြင်း စသည်များမှတစ်ပါး အခြားဘာကိုမှ မသိတော့။ သူတို့ရှေ့ဘက်မှ ရွေ့လျားလာနေသော အပြာရောင် မီးခိုးလုံးကြီးများသည် တန်းစီ၍ ပစ်ခတ်တိုက်ခိုက်နေသော တပ်သားများအပေါ်မှ ကျော်ဖြတ်သွားလျက်ရှိ၏။

စိတ်အားထက်သန်လွန်းသဖြင့် လူငယ်စစ်သားကလေးသည် ဝပ်နေရာမှ မတ်တတ်ဖြစ်သွားသည်။ သို့သော်လည်း သူသည် သူ့အဖြစ်ကို သတိမထားမိ၊ ရှေ့ကိုသာမဲ၍နေသဖြင့် တစ်ကြိမ်တွင် သူ့ကိုယ်သူ မဟန်နိုင်တော့ဘဲ မှောက်လျက်လဲကျသည်။ ချက်ချင်းပင် ပြန်ထသည်။ ဤတဒင်္ဂအချိန်ကလေးအတွင်းမှာပင် သူ့ခေါင်းထဲသို့ အတွေးတစ်ခု ဖျတ်ခနဲဝင်လာသည်။ သူဘာကြောင့်လဲကျသွားရသနည်း။ သူ့အား ကျည်ဆန်မှန်လိုက်လို့များလား။ သို့သော် ထိုသံသယသည် ချက်ချင်းပင် ပျောက်သွားသည်။ နောက်ထပ် လုံးဝ မတွေးမိတော့ပေ။

သူ အကာအကွယ်ယူထားသည့် နေရာမှာ သစ်ပင်လေးတစ်ပင်၏ နောက်ကွယ်ဖြစ်သည်။ တိုက်ပွဲစပါပြီဆိုကတည်းက ယူထားသည့်နေရာဖြစ်၏။ ဤနေရာမှနေ၍ တစ်ကမ္ဘာလုံးအား ရင်ဆိုင်မည်ဟု သူ အခိုင်အမာဆုံးဖြတ်ထားသည်။ ယနေ့တော့ သူတို့တပ်မှ အောင်ပွဲရမည်ဟု ယူဆသည်။ သူ့အနေဖြင့်လည်း သတ္တိရှိရှိ၊ ဇွဲကောင်းကောင်းဖြင့် အပြင်းအထန် တိုက်နိုင်သည့် စွမ်းအားအပြည့်အဝ ရှိနေသည်ဟု ယုံကြည်နေသည်။ သို့သော်လည်း လူစုလူဝေးကများလွန်းသဖြင့် တစ်ခါတစ်ရံတွင် နေရာပျောက်သွားတတ်သည်။ မူလနေရာမှ အခြားတစ်နေရာသို့ အမှတ်မထင် ရောက်သွားလေ့ရှိ

သည်။ ဘယ်လို အခြေအနေမျိုးပဲဖြစ်ဖြစ် ရန်သူ ဘယ်နေရာမှာရှိသည်ကို တော့ အမြဲတစေ သိနေအောင် သတိထားသည်။

မီးတောက်ကြီးတစ်ခုသည် သူ့အား လာ၍ဟပ်သည်။ သူ့တစ်ကိုယ် လုံးရှိ အရေပြားများ မခံမရပ်နိုင်လောက်အောင် ပူလောင်သွားသည်။ သူ့ ရိုင်ဖယ်သေနတ်ပြောင်းသည် လက်ဖဝါးနှင့် မထိနိုင်လောက်အောင် ပူ လျက်ရှိသည်။ သာမာန်အချိန်သာဆိုလျှင် ကိုင်ထားနိုင်ဖို့မလွယ်။ အခုတော့ လည်း ရင်ဆိုင်နေရသည့် ရန်သူများကြောင့် လက်ဖဝါးပူနေသည်ကို ဂရု မပြုနိုင်၊ သူသည် ကျည်များကို အဆက်မပြတ် ပြန်ထည့်သည်။ မီးခိုးများ ကြားမှနေ၍ ရန်သူများ၏ လှုပ်ရှားမှုကို စေ့စေ့စပ်စပ်ကြည့်ကာ ခလုတ်ကို ဆွဲသည်။ ခလုတ်ကို တစ်ချက်ဆွဲပြီးတိုင်း တစ်ကိုယ်လုံးသည် အလွန်ကြီးမား ပြင်းထန်သော လက်သီးနှင့် ဆောင့်အထိုးခံလိုက်ရသည့်နှယ် နောက်သို့ ယိမ်းယိုင်သွားတတ်သည်။ ပါးစပ်မှလည်း အင့်ခနဲမြည်သွားတတ်၏။ ရှေ့ သို့ထွက်သွားသည့် ကျည်ဆန်အရှိန်ဖြင့် ပြန်ကန်လာသည့် သေနတ်ဒင်၏ အဆောင့်ကို ခံနေရခြင်းကြောင့်ပေတည်း။

သူနှင့် သူ့ရဲဘော်များ၏ မျက်စိအောက်မှ ရန်သူများသည် နောက်သို့ ဆုတ်ခွာသွားနေကြသည်။ ထိုအဖြစ်ကိုမြင်သောအခါ လူငယ်စစ်သားက လေးသည် တစ်ဖက်လူကြောက်မှန်းသိ၍ နောက်မှလိုက်ပြီး ဖြခြောက်နေ သည့် ချွေးတစ်ကောင်သဖွယ် ရှေ့သို့တိုးသွားသည်။ ထို့နောက် ရန်သူများ၏ အပြင်းအထန်ပစ်ခတ်မှုကြောင့် နောက်သို့ဆုတ်ရပြန်သည်။

တစ်ကြိမ်တွင် တပ်အားလုံးဆုတ်သွားသည်ကို သတိမထားလိုက်မိ သဖြင့် သူတစ်ယောက်တည်း ရပ်၍ကျန်ရစ်ခဲ့သည်။ ဘာကိုမှ သတိမထား မိဘဲ ရွံ့ရှာမုန်းတီးစိတ်ဖြင့် ရှေ့ကိုသာ မဲ၍ပစ်နေသည်။ သူ့ဘေးတစ်ဝိုက်ရှိ ရဲဘော်များဆီမှ သေနတ်သံများ စဲသွားသည်ကိုလည်း သူမသိ။

သူ့အား လှောင်ပြောင်၍ ရယ်လိုက်သည့်အသံ ကြားရသည်။ “ဟေ့ ကောင် အရူး...၊ မင်းရှေ့မှာ ပစ်စရာလူတစ်ယောက်မှ မရှိတော့ဘဲနဲ့ ဘာဖြစ် လို့ ဆက်ပစ်နေရတာလဲ” ဟူသော အော်ပြောသံကိုလည်း ကြားလိုက်ရ သည်။

သူသည် သေနတ်ကိုမြှောက်၍ကိုင်ကာ နောက်သို့လှည့်ကြည့်သည်။ ရဲဘော်အားလုံးက သူ့အား တအံ့တသြ ဝိုင်းကြည့်နေကြသည်ကို မြင်ရ၏။ သူတို့သည် ပွဲကြည့်ပရိသတ် ဖြစ်နေကြသည်။ သူသည် ရှေ့သို့ပြန်လှည့်ပြီး ရန်သူများဆီသို့ မျှော်ကြည့်သည်။ တလူလူလွင့်မျောနေသော မီးခိုးငွေ့များ အောက်ရှိ မြေပြင်ထက်တွင် လူတစ်ယောက်မှမရှိ။

သူသည် တစ်ခဏမျှ ကြောင်၍ ကြည့်နေမိသည်။ ထို့နောက် အခြေအနေမှန်ကို နားလည်လာသဖြင့် နှုတ်မှ "ဟာ..." ခနဲ တစ်ချက်ရေရွတ်ကာ နောက်သို့ ပြန်ဆုတ်လာခဲ့၏။

သူ့ရဲဘော်များထံ ပြန်ရောက်သည့်အခါ သူသည် မြေပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ တစ်ကိုယ်လုံး အထုအထောင်း၊ အရိုက်အနှက် ခံထားရသည့်နှယ် ခံစားနေရသည်။ အသားတွေ ပူလောင်လျက်ရှိ၏။ စစ်ပွဲဆီမှ ပစ်သံခတ်သံ၊ အော်သံဟစ်သံများသည် သူ့နားများဆီသို့ ရောက်လာနေဆဲ၊ သူသည် ခါးမှ ရေဘူးကို အငမ်းမရ ဆွဲဖြုတ်လိုက်သည်။

ဗိုလ်ကလေးသည် ခပ်ကြွားကြွားလေသံဖြင့် စကားတွေ ဖောင်အောင်ပြောလျက်ရှိသည်။ "မင့်လို အရူးအမူးတိုက်တတ်တဲ့လူမျိုး တစ်သောင်းလောက်သာ ငါ့မှာရှိရင်တော့ ဒီစစ်ပွဲမှာ တစ်ပတ်တည်းနဲ့ ရန်သူတွေကို အပြုတ်ချနိုင်မှာ သေချာတယ်" ဟုလည်း လူငယ်စစ်သားကလေးအား လှမ်းပြောသည်။ ဤစကားပြောအပြီးတွင် သူသည် ရင်ကိုကော့၍ တောင့်တောင့်မတ်မတ် ရပ်လိုက်သည်။

အချို့ရဲဘော်များက လူငယ်စစ်သားကလေးအား အံ့သြဟန်ဖြင့် ငေးကြည့်နေကြသည်။ သူတစ်ယောက်တည်း ရပ်ကျန်ရစ်ခဲ့ပြီး သေနတ်ယမ်းထိုးလိုက် ပစ်လိုက်၊ ဒေါသတကြီးဆဲလိုက် လုပ်နေသည်ကို ဤလူစု မြင်တွေ့ကြဟန်တူ၏။ ထိုလုပ်ရပ်ကိုကြည့်၍ သူ့အပေါ် အထင်အမြင်ကြီးကုန်ကြပုံရ၏။ သူ့အား သတ္တိကောင်းသည့် 'စစ်နတ်မိစ္ဆာလေး' ဟု ထင်နေကြပုံပေါ်၏ ။

သူ့မိတ်ဆွေ အာကျယ်စစ်သား သူ့အနားသို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်လာသည်။ စိုးရိမ်မကင်းသောအသံဖြင့် လှမ်းမေးသည်။ "မင်း ဘာမှ

မဖြစ်ပါဘူးနော် ဟင်နရီဖလင်းမင်း၊ ဘာမှမဖြစ်ဘူး မဟုတ်လား”

“ဘာမှမဖြစ်ပါဘူး” ဟု လူငယ်စစ်သားကလေးက ပြန်ဖြေသည်။ သူ့အသံသည် ကပ်တပ်တပ်။ သူ့လည်ချောင်းတစ်ခုလုံး ပူလောင်ကာ တစ်ဆို့ဆို့ ဖြစ်နေသည် မဟုတ်ပါလား။

စောစောက ရင်ဆိုင်ခဲ့ရသည့် အဖြစ်အပျက်များသည် ဆင်ခြင်စဉ်းစားစရာများ ဖြစ်လာပြန်သည်။ သူသည် လူရိုင်းတစ်ယောက်လို ဖြစ်သွားခဲ့ရ၏။ မိမိကိုးကွယ်ရာ အယူဝါဒတစ်ခုအတွက် ခုခံတိုက်ခိုက်နေသည့် မိစ္ဆာဒိဋ္ဌိတစ်ယောက်နှင့် တူသွားသည်ဟုပင် သူ့ကိုယ်သူ ထင်မိသည်။ တိုက်ပွဲကို ပြန်၍ စဉ်းစားလိုက်သည့်အခါ ထူးကဲပြောင်မြောက်သော တိုက်ပွဲတစ်ခုဖြစ်သည်ကို တွေ့ရ၏။ အရှုံးအမူး ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်းတော့ တိုက်ရ၏။ သို့သော်လည်း ခက်ခဲခြင်းမရှိလှ။ အလွန်လွယ်ကူစွာ တိုက်နိုင်ခဲ့၏။ ယခု သူရင်ဆိုင်ခဲ့ရသည့် ရုန်းကန်လှုပ်ရှားမှုကြောင့် ယခင်က တောင်တန်းကြီးများသဖွယ် မားမားမတ်မတ်ခံနေသော အခက်အခဲ အဟန့်အတားများကို သူ ကျော်လွှားနိုင်ခဲ့လေပြီ။ အခုဆိုလျှင် သူသည် အာဇာနည်သူရဲကောင်းတစ်ယောက်ဖြစ်သွားပြီး ဘယ်လိုကစပြီး ဘယ်လိုဖြစ်သွားသည်ကိုမူ သူ ပြက်ပြက်ထင်ထင် မသိ။ သူ့အဖြစ်မှာ သူ အိပ်ပျော်သွားပြီး အိပ်ရာမှ လန့်နိုးလာသည့်အခါ သူရဲကောင်းဘဝ ရောက်နေသည်ကို တွေ့ရသလို ဖြစ်နေသည်။

သူသည် မြေပြင်ပေါ် လှဲလိုက်သည်။ ရဲဘော်များကတော့ သူ့အား မကြာခဏ လှမ်း၍ကြည့်နေကြဆဲ။ သူတို့အားလုံး ချွေးတွေသံတွေနှင့် ဖြစ်သည်။ မျက်နှာများတွင်လည်း ဖုန်များ၊ ယမ်းမှုန့်များကပ်ကာ ညစ်ပတ်ပေရေလျက်ရှိ၏။ အသက်ရှူပုံလည်း မမှန်ကြသေး။ ဤကြားထဲမှ သူတို့သည် သူ့အား မကြည့်ဘဲ မနေနိုင်ကြ။

“တိုက်ပွဲကတော့ ပြင်းတယ်ဟေ့” ဟု ဗိုလ်ကလေးက ရေရွတ်သည်။ သူသည် ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေဆဲ။ တစ်ခါတစ်ရံတွင် သူ့ထံမှ စကားပြောသံနှင့် ရယ်သံများ ကြားနေရသည်။ တစ်ခါတစ်ရံတွင်မူ သူသည် လူငယ်စစ်သားကလေးအား ချီးမွမ်းစကား လှမ်းပြောသည်။ အခြားတပ်သားများ၏ ရွှင်လန်းတက်ကြွမှုသည် သူ့စိတ်ကို ပို၍တက်ကြွအောင်

တွန်းအားပေးနေသည်။ "ဟေ့ ငါတို့တပ်က တိုက်ရည်ခိုက်ရည် ထက်မြက်တဲ့တပ်"

တောအုပ်သည် ဆူဆူညံညံအသံများ၏ဒဏ်ကို ဆက်၍ခံနေရဆဲ။ သစ်ပင်အုပ်အုပ်များအောက်ဆီမှ သေနတ်သံများသည် အဆက်မပြတ် သေး။ အလှမ်းကွာဝေးသော နေရာများဆီမှ ချုံပုတ်များသည် မီးလောင်လျက်ရှိကြသည်။ ဝါရောင်သန်းနေသော မီးတောက်များသည် တထိန်ထိန် တညီးညီး။ မဲနက်သော မီးခိုးလုံးကြီးများသည် ကြည်လင်တောက်ပသော နေမင်းနှင့် ဖွေးဖွေးလှုပ်နေသော မိုးကောင်းကင်ဆီသို့ တလူလူလွင့်ကာ တက်သွားလျက် ရှိကြလေသည်။

❐